## အမေ လူထုဒေါ်အမာ ၉၂ နှစ်ပြည့် မွေးနေ့မှာ မိတ်ဆွေ၊ တပည့်များရဲ့ ပြန်ပြောင်း ပြောဆိုချက်များ
## ၂၉ နိုဝင်ဘာ ၂၀၀၇

မြန်မာနိုင်ငံတွင်းက ထင်ရှားတဲ့သတင်းစာဆရာ စာရေးဆရာမကြီး လူထု ဒေါ်အမာဟာ ဒီကနေ့ဆိုရင် အသက် ၉၂ နှစ်ပြည့်သွားပြီဖြစ်ပါတယ်။ ဆရာမကြီးရဲ့မွေးနေ့ကို အရင်လို တောင်သမန်အင်း တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပနိုင်ခြင်းမရှိတော့ပေမယ့်လို့၊ ဒီကနေ မန္တလေးမြို့က မဟာဂန္ဓာရုံကျောင်းတိုက်မှာ သံဃာအပါး ၁,၀၀၀ ကို နေ့ဆွမ်းကပ်ဖို့ရှိတယ်လို့ သိရပါတယ်။ ဆရာမကြီးမွေးနေ့ပွဲမှာ ဂါရဝပြုဖို့ ရန်ကုန်ဖက်က စာရေးဆရာ မောင်မိုးသူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဝံသ စတဲ့ စာရေးဆရာ အနုပညာရှင်တွေလည်း မန္တလေးကို ရောက်ရှိနေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအပြင် အမေရိကန်ပြည်ထောင်စုမှာတော့ ပြီးခဲ့တဲ့ စနေနေ့ကပဲ ဆရာမကြီးမွေးနေ့ အကြို အခမ်းအနားတွေကို အမေရိကန်ရောက် စာရေးဆရာတွေ၊ အနုပညာရှင်တွေက ကမကထပြု ကျင်းပခဲ့ကြပါတယ်။ စာရေးဆရာမကြီး လူထုဒေါ်အမာ မွေးနေ့အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားပြီဖြစ်တဲ့ တော်ဘုရားလေး ဦးအောင်ဇေရဲ့ အင်္ဂလိပ်ကဗျာတွေကို စုစည်းပြီးတော့ အမေရိကန်ပြည်ထောင်စုက ရှုဝံ့ စာပေ ကလည်း ကဗျာစာအုပ်တအုပ် ထုတ်ဝေခဲ့ပါတယ်။ ပြည်တွင်းမှာ ထုတ်ဝေခွင့်မရတာကြောင့် အခုလို ပြည်ပမှာ ထုတ်ဝေရတာဖြစ်တယ်လို့ ရှုဝံ့စာပေက တာဝန်ခံ ကိုအောင်ကျော်ဦးက အခုလို ပြောပါတယ်။

"ကျနော်တို့ထုတ်တာကတော့ တော်ဘုရားလေး က အမေမာအတွက် အမေ့မွေးနေ့တွေမှာ ၁၉၈၅ ခုနှစ်ကစပြီးတော့ မွေးနေ့လက်ဆောင်အဖြစ်နဲ့ ကဗျာတွေ ရေးပေးတယ်လေ။ ၁၉၈၅ ကနေပြီးတော့ ၂၀၀၅ ခုနှစ်၊ အဲဒီကဗျာတွေကို ကျနော်တို့ ထုတ်တာပါ။ ဒေါက်တာသန်းထွန်း က အမှာစာလည်း ရေးတယ်။ နောက် တည်းဖြတ်သူလည်း သူလုပ်ပါတယ်။"

*အဲဒီတော့ ဒီစာအုပ်က ပြည်တွင်းမှာထုတ်ခွင့်မရလို့ အပြင်မှာထုတ်တဲ့သဘောပေါ့ –*

"ဟုတ်ပါတယ်ခင်ဗျ။ မူပိုင်ကတော့ တော်ဘုရားလေးရဲ့သမီးဖြစ်တဲ့ ဒေါ်ဒေဝီသန့်ဇင်နဲ့ ရှုဝံ့စာပေနဲ့ **Joint** (ပူးပေါင်း) ပေါ့နော်။ ကျနော်တို့ ရှုဝံ့စာပေကထုတ်ခဲ့တဲ့စာအုပ်တွေကို ပြန်ကြည့်လို့ရှိရင်တော့ ကျနော်တို့ ဗမာပြည်မှာမထွက်နိုင်တဲ့၊ မထုတ်နိုင်တဲ့ စာအုပ်တွေပေါ့နော်။ ဗမာပြည်မှာထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေအတွက် ကျနော်တို့ ရည်စူးပြီးတော့ ထုတ်ခဲ့တာဖြစ်ပါတယ်။"

အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ သတင်းစာဆရာကြီး ကြေးမုံဦးသောင်း ခေါ် စာရေးဆရာ အောင်ဗလ ကလည်း စာရေးဆရာမကြီး ဒေါ်အမာနဲ့ပတ်သက်လို့ အမှတ်တရ ရှိနေတာတွေကို ဗီအိုအေကို အခုလို ပြောခဲ့ပါတယ်။

"ဒေါ်အမာရဲ့သတ္တိနဲ့ပတ်သက်ပြီး ကျနော်ပြောချင်လို့ပါ။ ဖဆပလအစိုးရခေတ်တုန်းက ဒေါ်အမာဟာ စာရေးဆရာကောင်း၊ သတင်းစာဆရာကောင်းတဦး ဖြစ်တဲ့အပြင် အထူးသတ္တိရဲရင့်သော မယားကောင်းတဦးလည်းဖြစ်တယ်ဆိုတာ ကျနော်က မှတ်တမ်းတင်ချင်ပါတယ်။ ဖဆပလအစိုးရခေတ်က ဝန်ကြီး ဗိုလ်ခင်မောင်လေး က မတရားသဖြင့် ဦးလှ ကို ချုပ်နှောင်ထားပါတယ်။ ချုပ်နှောင်ထားတော့ ကျနော်က သတင်းစာဆရာအသင်း အတွင်းရေးမှူးအဖြစ်နဲ့ ဒေါ်အမာကိုခေါ်ပြီးတော့ကာ ဝန်ကြီး ဗိုလ်ခင်မောင်လေး ကို ကျနော်တို့ သွားတွေ့ကြပါတယ်။ ဗိုလ်ခင်မောင်လေးက ကျနော့်ကို ဆူပါတယ်။ ခင်ဗျားတို့ ဦးလှ ကို လွှတ်ဖို့ တရားလွှတ်တော်လျှောက်တယ်ဆိုတာ ကျုပ်သိတယ်။ တရားလွှတ်တော်က လွှတ်လို့ရှိရင် ကျုပ်ပြည်ထဲရေးဝန်ကြီးက ကျုပ်ကိုယ်တိုင် ထောင်ပူးဝကသွားပြီးတော့ ခင်ဗျားတို့ ဦးလှ ကို ဖမ်းမယ်ဗျ ဆိုပြီးတော့ ကြိမ်းလိုက်၊ မောင်းလိုက်တာဗျာ၊ ကျနော်ဟာ သတ္တိ ဒီလောက်မနည်းပါဘူး၊ ဒါပေမယ့် အဲဒီလိုအပြောခံရတဲ့အချိန်မှာ ကျနော်ကမျက်နှာတွေပျက်၊ နားရွက်တွေဘာတွေ ထူပူသွားပေမယ့် ဒေါ်အမာ က အိန္ဒြေတခု တစက်မှမပျက်ပဲနဲ့ ပြုံးပြုံးလေးနဲ့ ရဲရဲဝန့်ဝန့် ပြည်ထဲရေးဝန်ကြီးကို တကယ် ဘာမှမဖြစ်တဲ့ကိစ္စ၊ ကျနော်တို့ ပန်းပင်စိုက်တဲ့ကိစ္စ၊ သစ်သီးခွဲတဲ့ကိစ္စမျိုးပြောသလို ပြောပြီးတော့ကာ ရန်မပြုပဲနဲ့ ပြန်ခဲ့နိုင်ပါတယ်။ အဲဒီကိစ္စကိုတော့ ကျနော်တို့ မှတ်တမ်းတင်ဖို့ကောင်းပါတယ်။ ဗမာပြည်ထဲမှာလည်းပဲ

သူ့မှာ နေရထိုင်ရတာ လျှောင်၊ လေမုန်တိုင်းတွေကြားထဲ နေရပါတယ်။ နေတာပေမယ့် ပြောစရာရှိတာကို ရဲရဲဝန့်ဝန့်ပြောတယ်၊ ဆိုစရာရှိတာကို ရဲရဲဝန့်ဝန့်ဆိုတယ်။ သတ္တိအရာမှာတော့ကာ ထူးခြားတဲ့စာရေးဆရာကြီး၊ သတင်းစာဆရာကြီးဖြစ်ပါတယ်ခင်ဗျား။ ဆိုရှယ်လစ်ဖြစ်ဖြစ်၊ ဒီမိုကရေစီဖြစ်ဖြစ် ပြောပေမယ့် ဖက်ဆစ်ဆိုတာ နေရာတကာတိုင်းရှိပါတယ်။ ကျနော်တို့ စာနယ်ဇင်းလောကသားတွေက ဖက်ဆစ်မုန်သမျှ အပြီးအပြတ်တိုက်ခိုက်ဖို့၊ အားစုဖို့ ဒေါ်အမာ က ကျနော်တို့ကို လမ်းညွှန်နေပါတယ်ခင်ဗျား။”

စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးဝင်းဖေဟာလည်း လူထု တိုက်ထွက် လူထုဦးလှ၊ လူထုဒေါ်အမာတို့ရဲ့ သားတပည့်တဦးဖြစ်ပါ။ စာရေးဆရာမကြီး ဒေါ်အမာနဲ့ပတ်သက်လို့ အမှတ်တရ စကားကို ဦးဝင်းဖေက အခုလို ပြောပြပါတယ်။

“အများကခေါ်နေတာတော့ အမေဒေါ်အမာပေါ့လေ။ ကျနော်တို့ကတော့ ဒေါ်ဒေါ်လို့ခေါ်တယ်။ ဒေါ်ဒေါ်မှာ ဆန္ဒရှိတဲ့အတိုင်း ကျနော်တို့ကလိုက်ပြီးတော့ ဖြည့်စွမ်းလုပ်ဆောင်နိုင်ကြမယ်ဆိုရင် ဒါ အကောင်းဆုံးလို့ ကျနော် ပြောချင်ပါတယ်။ ဒေါ်အမာရဲ့ဆန္ဒကတော့ တိုင်းပြည်လွတ်လပ်ဖို့၊ တိုင်းပြည် ချမ်းသာဖို့၊ ကျန်းမာဖို့၊ လူတွေအားလုံး စိတ်ချမ်းသာဖို့၊ ကျန်းမာဖို့၊ ဒါကို သူက အလိုလားဆုံး။ သူ့တသက် လုံးမှာ အခုလို ၉၂ နှစ် ရှိလာအောင်လို့ အသက်ရှည်ဆေးကလည်း ကျနော်တို့မှီဝဲသင့်တဲ့ အသက် ရှည်ဆေးလို့ ကျနော်ကတခါ ပြောချင်ပြန်တယ်။ အဲဒါကဘာလဲလို့ဆိုတော့ သူဟာ၊ ဒေါ်အမာဟာ စွဲစွဲ မြဲမြဲ ယုံကြည်ချက်တခုရှိတယ်၊ လူ့ဘဝရယ်လို့ဖြစ်လာတဲ့အခါမှာ သူ့ကိုယ်တိုင်အကျိုး၊ မိသားစုအကျိုး၊ ရပ်ရွာ အကျိုး၊ တိုင်းပြည်အကျိုး၊ ကမ္ဘာ့လူသားတွေအကျိုး၊ ဘယ်လောက် ဖြည့်စွမ်းနိုင်သလဲ၊ အဲဒီလို ဖြည့်စွမ်း နိုင်သလောက် အတိုင်းအတာအတိုင်း တန်ဖိုးရှိတာပဲလို့ သူကယုံကြည်တယ်ဗျ။ အခုဆိုလို့ရှိရင် သူ့ကို အမေဒေါ်အမာလို့ဆိုပြီး အားကိုးကြတယ်။ အားကိုးကြတော့ တိုင်းပြည်အတွက် အများကြီးလုပ်ဆောင် နိုင်တယ်၊ အားပေးစကားပြောနိုင်တယ်၊ လမ်းညွှန်ချက်ပေးနိုင်တယ်၊ အကြံဉာဏ်ပေးနိုင်တယ်၊ အဲဒါနဲ့ သူက အသက်ရှည်နေတာ။ အဲဒီတော့ ကျနော်တို့ကလည်း အဲဒီလိုပေါ့လေ၊ အများအတွက်၊ တိုင်းပြည်အတွက်၊ အကျိုးရှိအောင် တတ်နိုင်သမျှလုပ်ရင် ကျနော်တို့အသက်ရှည်မယ်။ အသက်တိုတောင်မှ တန်ဖိုးရှိတဲ့ အသက်ဖြစ်မယ်။ ဒါ လူထုဒေါ်အမာရဲ့မွေးနေ့မှာ အကောင်းဆုံးထားအပ်တဲ့ စိတ်နှလုံးပဲလို့ ကျနော် ယုံကြည်တယ်ဗျာ။ အမေက ကြားရင်လည်း ဝမ်းသာမှာပါ။”

*ဆရာမကြီး လူထုဒေါ်အမာနဲ့ပတ်သက်လို့ ဆရာ့အနေနဲ့ အမှတ်တရအဖြစ်ဆုံး အဖြစ်အပျက်ကလေးတခု ပြောပြပေးလို့ရမလားခင်ဗျ –*

“လောကမှာ တရားသဖြင့်သာရှိလို့ရှိရင် သူနဲ့ဆန့်ကျင်တဲ့လူရဲ့ အယူအဆကိုတောင်မှ လေးစား တယ်ဆိုတဲ့ အထောက်အထားတခု ကျနော် ပြောချင်တယ်ဗျ။ ကျနော်တို့ သူ့တိုက်မှာ ကာတွန်းရေးတော့ မယ်ဆိုကတည်းက သူ့ရဲ့အဆုံးအမက ‘မောင်ဝင်းဖေတဲ့၊ ငါနဲ့ ကာတွန်းဦးဘဂျမ်းနဲ့က ကျောင်းနေဖက်တဲ့၊ ငါနဲ့မတည့်ဘူးတဲ့၊ သူက ကွန်မြူနစ်ဆန့်ကျင်ရေးသမား၊ ငါက ကွန်မြူနစ်တဲ့၊ ဒါပေမယ့် သူရေးတဲ့၊ သူလှောင် ပြောင်တဲ့ လှောင်ပြောင်ပုံ၊ လှောင်ပြောင်နည်းဟာတဲ့ – ငါတို့ကိုယ်၌က ဩော် – ငါတို့ကလည်း ငါတို့ပဲကို၊ သူဒီလိုရေးပေမှာပေါ့ဆိုပြီးတော့ ငါတို့က ခံစားရတယ်တဲ့။ မင်း အဲဒီလို ဝေဖန်နည်းမျိုး၊ အဲဒီလို သရော် လှောင်ပြောင်နည်းမျိုးဖြစ်အောင် မင်းရေးပါ’ ဆိုတဲ့ အဆုံးအမနဲ့ ကျနော် သူ့တိုက်မှာ အလုပ်ဝင်တယ်။ အဲဒီဟာ ကျနော် တသက်လုံးမမေ့နိုင်ဘူး။ ကိုယ်နဲ့မတည့်တဲ့လူရဲ့ အဆုံးအဖြတ်၊ အယူအဆဖြစ်ပေမယ့် မှန်ကန် ကောင်းမွန်နေတဲ့အခါမှာ သူလေးစားပြီးတော့ အဲဒါကို အသုံးပြုတယ်ဆိုတဲ့အကြောင်းကလေး၊ ဒါ ကျနော် မမေ့နိုင်တဲ့အချက်တချက်ပေါ့ဗျာ။”

ဆရာမကြီးလူထုဒေါ်အမာဟာ မြန်မာနိုင်ငံနယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးလှုပ်ရှားမှုတွေမှာ ကျောင်းသူ ဘဝကတည်းက တတ်တတ်ကြွကြွ ပါဝင်ခဲ့သလိုပဲ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း ရဲရင့်ပြောင်မြောက်တဲ့ သတင်းစာဆရာ၊ စာရေးဆရာတဦးအဖြစ် အများက အသိအမှတ်ပြု သတ်မှတ်တာခံရပါတယ်။ ဒါကြောင့်လည်း

အနုပညာနယ်ပယ်မှာသာမကပဲနဲ့ နိုင်ငံရေးနယ်ပယ်မှာလည်း လူထုဒေါ်အမာရယ်လို့ အများက ယုံကြည့်လေးစားမှု ခံရပါတယ်။ လူထုဒေါ်အမာကတော့ သူ့ရဲ့အသက် ၉၂ နှစ်ပြည့် အမှတ်တရစကားကို ဗီအိုအေကို အခုလို ပြောထားပါတယ်။

> “အကောင်းဖက်ကတော့ အမေ မျှော်လင့်တယ်။ အမေတို့တခုခုအပြောင်းအလဲတော့ဖြစ်ခါနီးပြီလို့လေ၊ ဒါပေမယ့် အဲဒီဟာက ဒီအတိုင်းတိုင်းကြီးတော့ ဖြစ်လာမှာမဟုတ်ဘူးသားရဲ့၊ လုပ်ကြရဦးမှာဘဲ၊ အဲဒီတော့ တို့ဗမာတွေ အချင်းချင်းနော်၊ နားလည်မှုနဲ့လက်တွဲပြီးတော့၊ တယောက်တယောက် သည်းညည်းခံပြီးတော့ သွားရမှာပဲလို့ အမေက အောက်မေ့တာဘဲ။ အမေကလေ အများမေတ္တာ စေတနာနဲ့ အခုလို အသက်ရှည်တယ်လို့ဆိုပြီး အမေက ဝမ်းသာ နေပြီး သာဓုခေါ်နေပါတယ်။ အမေကလည်း အကုန်လုံးကို၊ တို့ ဗမာတပြည်လုံးကို မြန်မြန်အေးချမ်းသာယာပါရစေ၊ စိတ်ချမ်းသာပါရစေလို့ ဆုတောင်းပါတယ်။”

ဒါကတော့ ဒီကနေ့မှာ အသက် ၉၂ နှစ်ပြည့်သွားပြီဖြစ်တဲ့ နိုင်ငံကျော် စာရေးဆရာမကြီး၊ သတင်းစာဆရာမကြီး လူထု ဒေါ်အမာ ဗီအိုအေကို ပြောကြားခဲ့တာဖြစ်ပါတယ်။